**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**
**အမိန့်ကြော်ငြာစာအမှတ် ၁၀၀ / ၂၀၂၄**
**၁၃၈၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၈ ရက်**
**( ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက် )**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ပို့ကုန်သွင်းကုန်ဥပဒေပုဒ်မ ၁၃ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

**၂၀၂၅ ခုနှစ်အတွက် ပြည်ပမှမော်တော်ယာဉ်တင်သွင်းခြင်းတွင်ထုတ်လုပ်သည့်ခုနှစ် သတ်မှတ်သည့် အမိန့်ကြော်ငြာစာ**

၁။ ၂၀၂၅ ခုနှစ်အတွက် ပြည်ပမှမော်တော်ယာဉ်တင်သွင်းခြင်းတွင် ထုတ်လုပ်သည့် ခုနှစ်အား အောက်ဖော်ပြပါအတိုင်း သတ်မှတ်လိုက်သည် -

(က) လူစီးမော်တော်ယာဉ်များ - ၂၀၂၄ ခုနှစ်မှ ၂၀၂၅ ခုနှစ်အထိ

( ခ ) လုပ်ငန်းသုံးယာဉ်များ (ကုန်တင်ယာဉ်/ ခရီးသည်တင်ယာဉ်) - ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အထိ

( ဂ ) မီးသတ်ယာဉ်/ လူနာတင်ယာဉ် - ၂၀၁၆ ခုနှစ်မှ ၂၀၂၅ ခုနှစ်အထိ

(ဃ) ယန္တရားများ - ၂၀၁၆ ခုနှစ်မှ ၂၀၂၅ ခုနှစ်အထိ

၂။ အထက်အပိုဒ် ၁၊ အပိုဒ်ခွဲ (က) မှ (ဂ) အထိပါ ယာဉ်များတင်သွင်းရာတွင် လက်ဝဲစတီယာရင် ယာဉ်များသာ တင်သွင်းခွင့်ပြုပါမည်။

၃။ အများပြည်သူသုံးလမ်းများပေါ်တွင် မောင်းနှင်အသုံးပြုခြင်းမရှိသည့် ပူးတွဲပါ လုပ်ငန်းသုံး ယန္တရားများအား လွန်ခဲ့သော (၁၅) နှစ်အတွင်း ထုတ်လုပ်သည့်ယာဉ် ( ၂၀၁၁ ခုနှစ်နှင့်အထက် ထုတ်လုပ်သောယာဉ်) များအဖြစ် တင်သွင်းခွင့်ပြုပါမည်။

၄။ ယခု အမိန့်ကြော်ငြာစာထုတ်ပြန်ချက်သည် လုပ်ထုံးလုပ်နည်းအရ ပြက္ခဒိန်နှစ်အလိုက် နှစ်စဉ်တင်သွင်းခွင့်ပြုသည့် မော်တော်ယာဉ်ထုတ်လုပ်ခုနှစ် သတ်မှတ်ချက်အား ပုံမှန်ထုတ်ပြန်ခြင်းသာ ဖြစ်ပါသည်။ မော်တော်ယာဉ်တင်သွင်းမှုနှင့် စပ်လျဉ်း၍ လက်ရှိချမှတ်ဆောင်ရွက်နေသည့် မူဝါဒများ ပြောင်းလဲခြင်း မပြုဘဲ ဆက်လက်ကျင့်သုံးလျက်ရှိပါကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

(ပုံ)

ထွန်းအုံ
ပြည်ထောင်စုဝန်ကြီး

ပူးတွဲ

## အများပြည်သူသုံးလမ်းများပေါ်တွင် မောင်းနှင်အသုံးပြုခြင်းမရှိသည့် လုပ်ငန်းသုံးယန္တရားစာရင်း

၁။ Excavator

၂။ Bulldozer

၃။ Wheel Loader

၄။ Vibratory Roller

၅။ Clamp Loader

၆။ Motor Grader

၇။ Road Roller Compactor

၈။ Bridge Crane

၉။ Gantry Crane

၁၀။ Tower Crane

၁၁။ Pilling Machine

၁၂။ Crawler Drill/ Crane

၁၃။ Overhead Travelling Crane

၁၄။ Mobile Crane

၁၅။ Rough -Terrain Crane

၁၆။ Forklift

၁၇။ Boom Lift

၁၈။ Asphalt Finisher (ကတ္တရာခင်းစက်)